ကျခတ်တန်းကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၁၇-၂၀၁၈)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျခတ်တန်းကျေးရွာ၊ ကညွတ်ကုန်းကျေးရွာအုပ်စု၊ ကန်ကြီးထောင့်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ပြန်လည်ပြင်ဆင်ရေးသားသည်

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ကျခတ်တန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈
- (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
- (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၀
- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
- (ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၁
- (က) လူဦးရေဆိုင်ရာ အချက်လက်များ
- (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေး နှင့် အာဟာရ
- (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
- (စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၃
- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
- (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
- (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
- (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
- (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၆

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၆

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၁၇

အပိုင်း (ခ) စီမံကိန်းဆိုင်ရာအချက်အလက်များ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၈
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၂

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၄
(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း
(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၂၇

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာနေအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂)ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှု များ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့် အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၈
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)**၆၉**

**ကိုးကားစာရင်း** ၇၁

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျခတ်တန်းကျေးရွာ၊ ကညွတ်ကုန်းကျေးရွာအုပ်စု
ကန်ကြီးထောင့်မြို့နယ်

ကညွတ်ကုန်းကျေးရွာအုပ်စု၊ ကျခတ်တန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ကညွတ်ကုန်းကျေးရွာအုပ်စု၊ ကျခတ်တန်းကျေးရွာသည် အိမ်ခြေနှင့် လူဦးရေနည်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျနေခြင်းကြောင့် ဤအစီအစဉ်တွင်ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူတက်ကျွမ်းမှု မရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှူဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါ သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်း အသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကညွတ်ကုန်းကျေးရွာအုပ်စု၊ ကျခတ်တန်းကျေးရွာဖြစ်ပြီး ကန်ကြီးထောင့်မြို့မှ (၅) မိုင်ခန့်အကွာ ဘဲဂရက်မှ (၄) မိုင်ခန့် ကွာဝေးပါသည်။ ရန်ကုန်-ပုသိမ် လမ်းမကြီးဘေးရှိ ဆပ်ကွင်းကျေးရွာမှလာလျှင် ဆပ်ကွင်း-ကညွတ်ကုန်း-ကျခတ်တန်း ဆက်သောလမ်းမှတစ်ဆင့် လာရောက်နိုင်ပါသည်။ ဘဲဂရက်လမ်းအတိုင်းလာပါက ဘဲဂရက်-ဒီးဒုတ်လမ်းမကြီးမှတစ်ဆင့် ဘီလူးကျွန်းရွာ လမ်းခွဲအတိုင်းဆင်းလာလျှင် ဘီလူးကျွန်းရွာ၊ ရေသိုးလေးကျေးရွာ စသည်တို့အား ကျော်ဖြတ်လာရပါသည်။ မြေပြန့်ဒေသဖြစ်သောကြောင့် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မြေအနိမ့်ပိုင်းများလည်းရှိပါသည်။ ကျေးရွာ၏ ပတ်လည်တွင် လယ်ကွင်းများ၊ အခြားကျေးရွာများ ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျခတ်တန်းကျေးရွာတွင် ချောင်းမရှိပါ။ ကညွတ်ကုန်းရွာထိပ်တွင်သာ ချောင်းရှိပြီး မိမိတို့ရွာတွင် မြောင်းငယ်များသာရှိသဖြင့် နွေစပါးစိုက်ပျိုးရန် အလှမ်းဝေးပါသည်။ ထို့ကြောင့် နွေစပါးအတွက် အဝီစိတွင်းများမှ ရေကို ရေစုပ်စက်ဖြင့် မောင်းတင်ကာ စိုက်ပျိုးကြရပါသည်။ မိုးစပါးကိုလည်း စိုက်ပျိုးကြပါသည်။ လယ်ယာမြေများမှာ မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် စပါးစိုက်ပျိုးမြေဧက (၂၀၅) ဧကခန့်သာရှိပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်ပါသည်။ နွားစာအတွက် မြက်များကို လယ်ကန်သင်းများမှ ရရှိနိုင်ပါသည်။ ဆေးဖက်ဝင်အပင်များမှာလည်း သာမန်တွေ့ရသော အပင်များသာ ဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၅၇) စုနှင့် ကျား (၁၀၀)၊ မ(၉၅) ဦးဖြင့် လူဦးရေပေါင်း (၁၉၅) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃.၄) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅) ဦးထက် လျော့နည်းပါသည်။ ကျေးရွာတွင် ကရင် (ဗုဒ္ဓ) လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၀.၈% ခန့်ရှိပြီး အမျိုးသမီးဦးရေစုစုပေါင်းမှာ အမျိုးသား အရေ အတွက်နှင့် အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချ နိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးမှလည်း ဝင်ငွေ အသင့်အတင့်ရရှိပါသည်။ တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်း မွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် မိမိတို့ကျေးရွာ အနေအထားဖြင့်ကြည့်သော် အိမ် ထောင်စုအားလုံး၏ ၇၉% ခန့်သည် ဆင်းရဲနှင့်အလွန် အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး ၈.၈% သည် အဆင်ပြေသည့်အဆင့်၊ ၁၂.၂% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ် ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီမှုရှိသော်လည်း လယ်ယာသုံး စက် ကိရိယာများပိုင်ဆိုင်မှု နည်းပါးပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၄၂%) ခန့် ထိရှိကာ ဆင်းရဲ၊ အလွန် ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ နှစ်ပုံတစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ ဆန်စက် လုပ်သား၊ လက်လီ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်း၊ စက်ပြင်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများ စသည်တို့တွင်လည်း ကျပန်းအဖြစ်လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ် ထောင်စုများ၏ သုံးပုံတစ်ပုံအား လေ့လာဆန်းစစ်မှုအရ ၎င်းတို့၏ ၄၂.၉% မှာ သူတပါးထံမှမချေး မငှားပဲ ၃ လအောက်ထိ ဝမ်းစာဖူလုံမှုရှိခြင်း၊ ၃၅.၇ % မှာ ၃ လ မှ ၆ လထိ ဝမ်းစာဖူလုံကြောင်းနှင့် ကျန် ၂၁.၄% မှာ ၆ လမှ ၁၂ လအထိသာ ဝမ်းစာဖူလုံကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ချေးငွေအများစု ကို လယ်ယာ စိုက်ပျိုးရေးဘဏ်၊ ကျေးရွာသမဝါယမအသင်း၊ Pact Myanmar ငွေစုငွေချေးအသင်းနှင့် ဆွေမျိုးများ၊ မိတ်ဆွေများ၊ ငွေတိုးချေးသူများထံမှလည်း ချေးယူရရှိကြသည်။ ချေးငွေများကို စားသုံး ရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များ၊ ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် စားနပ်ရိက္ခာမဖူလုံမှု၊ လယ်မြေများတွင် ရေကြီးရေလျှံမှု၊ တိရိစ္ဆာန်ရောဂါကျရောက်မှုကို အသင့်အတင့်အနေအထားတွေ့ရှိရသည်။ မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားကျေပန်းများအတွက် ထိခိုက်သက်ရောက်မှုမြင့်မားပြီး ရွှေ့ပြောင်း လုပ်သားများအတွက် အသင့်အတင့် ထိခိုက်လွယ်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိပါသည်။ ကလေးငယ်အများစုသည် ကျန်းမာသော်လည်း တစ်ခါတစ်ရံ ရာသီအကူးအပြောင်း တွင် ဖြစ်ပွားတက်သော ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးနှင့် ကိုယ်ပူခေါင်းကိုက်များ ဖြစ်လေ့ရှိပါ သည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ကျေးရွာမှ ပေ ၂၀၀၀ ကျော်ခန့်သာဝေးသော ကညွတ်ကုန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကုသနိုင်ပါသည်။

ကျေးရွာတွင် မိုးရေ၊ စက်တပ်အဝီစိတွင်း၊ အဝီစိ လက်နှိပ်တုံကင်တွင်းများနှင့် မြေသားရေကန် မှ ရေကို အသုံးပြုကြရပါသည်။ ယခုစာအုပ် စတင်ပြုစုသည့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချထားပေးသော စက်ရေတွင်း ရရှိပြီဖြစ်ပြီး သောက်သုံးရေ လုံလောက်မှု ရှိပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး စာမတတ်သူဦးရေ နည်းပါးပါသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် စာသင် ကျောင်းမရှိသဖြင့် အုပ်စု၏ ရွာမဖြစ်သော ကညွတ်ကုန်းရွာ အ.လ.က ခွဲသို့ သွားရောက်သင်ယူရပါ သည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင်သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ ကျား နှင့် မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာ၏ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက် တန်းများရှိ ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ သို့သော် လုပ်အားသဘာဝအရ အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီးရကြသည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး ဆိုင်ရာကိစ္စများတွင်လည်း အမျိုးသမီး

ပါဝင်မှုရှိပါသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေး ခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် အသင်းအဖွဲ့များ သီးသန့်ဖွဲ့စည်းထားခြင်း မရှိသော်လည်း ကျေးရွာ၏ သာရေး၊ နာရေး လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ စီးပွားရေးနှင့်ပတ်သက်သော အဖွဲ့အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး သမဝါယမအသင်း၊ Pact Myanmar ငွေစုငွေချေးအဖွဲ့တို့ရှိပြီး ပြည်သူများမှာ အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုများမှာ သီးပင်စားပင်များ တနိုင်တပိုင် စိုက်ပျိုးကြသည်။ ကျေးရွာအတွင်း စပါးစိုက်ဧက (၂၀၅) ဧကခန့်ရှိပါသည်။ ကျေးရွာရှိ တောင်သူများမှာ ကျေးရွာအတွင်းရှိ ဧကအပြင် အခြားကျေးရွာအပိုင်ရှိ လယ်ယာမြေပိုင်ဆိုင်မှုများလည်းရှိကြပါသည်။ မိုးစပါး တစ်ဧကလျှင် ပျမ်းမျှ (၅၀) တင်းခန့်ထွက်ရှိပြီး နွေစပါး တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၈၀) တင်းနှုန်းထွက်ရှိသည်။ မြေပဲနှင့် မတ်ပဲများလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည်။ ရွှေ့ပြောင်းလုပ်သား အသင့်အတင့်ရှိသော်လည်း ကျပန်းလုပ်ကိုင်သူ များပြား၍ လုပ်သားအသင့်အတင့် ရရှိနိုင်သည်။ မိုးစပါးအတွက် မိုးရေနှင့် နွေစပါးအတွက် အဝီစိ တွင်းများမှ ရေကို စုပ်ယူ၍ စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် ကိုယ်ပိုင် လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်များဖြင့် လုပ်ကိုင်ကြသူများလည်း ရှိသကဲ့သို့ လယ်ဧကနည်းသော တောင်သူများမှာ ငှားရမ်းထွန်ယက်ကြရပါသည်။ နွားဖြင့် ထွန်ယက်စိုက်ပျိုးသူများလည်းရှိပါသည်။ ကျေးရွာတွင် စပါးကိုအဓိက စိုက်ပျိုးသဖြင့် ကျေးရွာမှ နေ့စားအလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။ သို့သော် စပါးရိတ်သိမ်းချိန်များတွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ငှားရမ်းလုပ်ကိုင်သည့်အချိန်တွင် ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင်အခက်အခဲ အနည်းငယ်ရှိပါသည်။

ကျေးရွာတွင် နွားမွေးမြူသူ (၆) အိမ်ခန့်၊ ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၅၀%၊ ကြက်နှင့် ဘဲမွေးမြူသူ ၇၀ % ခန့်ဝန်းကျင်ရှိပါသည်။ ဝက် အား စီးပွားဖြစ်မွေးမြူသည့် မိသားစုအချို့လည်း ရှိပါသည်။ ရာသီအလိုက် ဖြစ်ပွားတက်သော ကြက်နာ၊ ဝက်နာရောဂါ တခါတရံ ကျရောက်တက်ပါသည်။ အရေးပေါ်ငွေလိုအပ်ချိန်တွင် မွေးမြူရေးမှလည်း ဝင်ငွေ အသင့်အတင့်ရရှိသဖြင့် အသုံးတည့်သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ငါးမွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုလည်းရှိပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအနေဖြင့် ငါးပုံ ဆန်စက်အသေးဖြင့် ဆန်စက်လုပ်ငန်း လုပ်ကိုင်သူလည်းရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ကုန်စုံဆိုင်

လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ပန်းရံ/ လက်သမား၊ စက်ရုံ၊ အထည်ချုပ်၊ ဆန်စက်လုပ်သားနှင့် ကျပန်းအလုပ်တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ ကျပန်း အလုပ်သမားအချို့၏ လုပ်အားခမှာ တစ်နေ့လျှင် ၅၀၀၀/- ကျပ်မှ ၃၀၀၀/- ကျပ် ထိရရှိကြပါသည်။ ကျပန်းအလုပ်သမားများ အတွက် အလုပ်မှာ အဆင်သင့်မရှိဘဲ ရာသီအလိုက် ပေါ်ပေါက်လာသော အလုပ်ကိုသာလုပ်ကိုင်ကြရပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ အသင့်အတင့်ရှိပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း ခက်ခဲမှုများကြောင့် ကန်ကြီးထောင့်မြို့၊ ပုသိမ်၊ ရန်ကုန်မြို့ကြီးများတွင်လည်းကောင်း အသိအကျွမ်း၊ ဆွေမျိုးအပေါင်းအဖော်တို့ကို တည်မှီ၍ အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျခြင်း၊ သင်တန်းတက်ရောက်ရန် နေရာ/ ငွေကြေး လုံလောက်မှုမရှိ ခြင်းတို့ကြောင့် ဝါသနာပါရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးများ ကျဆင်းလာနိုင်ပါသည်။ ဓာတုပိုးသတ်ဆေး အသုံးပြုမှုများပြားသဖြင့် နောင်တွင်မြေဆီလွှာများ ပျက်စီးကာ စပါးအထွက်နှုန်း လျော့ကျလာနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင် တည်ရှိပါသည်။ မြေပြန့်ဒေသဖြစ်သော်လည်း မြေနိမ့်ပိုင်းများရှိသဖြင့် မိုးတွင်းကာလတွင် လယ်ယာမြေအတွင်းသို့ ရေဝပ်သဖြင့် သီးနှံပျက်စီးမှုများ ဖြစ်တက်ပါသည်။ ထို့ကြောင့် မိုးစပါးအား ဧကအားလုံး စိုက်ပျိုး၍မရပါ။ ကျေးရွာပတ်လည်တွင် လယ်ယာမြေများ၊ သစ်ပင်များဖြင့် စိုပြည်နေသောကြောင့် မိုးခေါင်ခြင်း အန္တရာယ် အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ အစိုးရ မဟုတ်သည့် Pact Myanmar ငွေချေးအဖွဲ့မှလည်း ချေးငွေကို ရရှိနိုင်ပြီး လစဉ်အတိုးနှင့် အရင်း ပေးသွင်းရမှုများရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေးအတွက်သာမက ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ရောယှက်သုံးစွဲရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိသဖြင့် မူလတန်းနှင့် အလယ်တန်းကို ပေ ၂၀၀၀ ကျော်ခန့် သာဝေးသည့် ကညွတ်ကုန်းကျေးရွာ အ.လ.က (ခွဲ) ကျောင်း၊ အထက်တန်းပညာကို ၂ မိုင်ကျော်ခန့် အကွာရှိ ဆပ်ကွင်းကျေးရွာသို့ သွားရောက်သင်ယူရပါသည်။

အခြေခံကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ကျေးရွာမှ ပေ ၂၀၀၀ ကျော်ခန့်ကွာဝေးသော အုပ်စု၏ရွာမဖြစ်သည့် ကညွတ်ကုန်းကျေးရွာ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကုသနိုင်ပါသည်။

သောက်သုံးရေအတွက် ယခင်က မြေသားရေကန်မှ ရေကို သောက်သုံးကြရပြီး ယခုအခါ (၂၀၁၇-၂၀၁၈) ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ချထားပေးသည့် စက်ရေတွင်းမှ ရေကို သောက်သုံးကြပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် သတ်မှတ်နေရာများမရှိသော်လည်း ညနေပိုင်းတွင် မြေကွက်လပ်များ၌ ခြင်းလုံးခတ်ခြင်း၊ ပိုက်ကျော်ခြင်း ဆော့ကစားခြင်းတို့ ပြုလုပ်ကြပါသည်။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင်လည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျခတ်တန်းကျေးရွာတွင်းလမ်းမှာ မြေသားလမ်းအား လမ်းအလယ်အူကြောင်း ကွန်ကရစ် ၂ ပေ အကျယ်ခင်းထားခြင်းဖြစ်ပါသည်။ ရွာချင်းဆက်လမ်းအနေဖြင့် ဆပ်ကွင်း-ကညွတ်ကုန်း-ကျခတ်တန်း ဆက်သွယ်ရေးလမ်းရှိပြီး ကျောက်ချောလမ်းဖြစ်ပါသည်။ ဘဲဂရက်-ဒီးဒုတ်လမ်းမကြီးမှတဆင့် လာလျှင် ဘီလူးကျွန်းကျေးရွာ လမ်းခွဲမှ ကရင်မြောင်ကြီး၊ ဗမာမြောင်ကြီး ကျေးရွာများကို ဖြတ်သန်းလာရပြီး မိုးတွင်းကာလ လမ်းအသုံးပြု၍မရပါ။ ကျေးရွာတွင် တံတားများ မရှိပါ။

မိမိတို့ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာမှ ၂ မိုင်ကျော်ခန့်ဝေးသော ဆပ်ကွင်းကျေးရွာတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ပြီး ပညာရေးနှင့် လူထုစီးပွားရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ ယခုအခါ အချို့သော အိမ်ထောင်စုများတွင် ဆိုလာ၊ ဘတ္တရီ၊ ဖယောင်းတိုင်မီး၊ ရေနံဆီမီးခွက်တို့ကိုသာ အသုံးပြုနေကြရပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်သာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ရွာသားများသည် ကန်ကြီးထောင့်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုများအဖြစ် သန့်ရှင်းသော သောက်သုံးရေ မရရှိခြင်း၊ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ မိုးတွင်းကာလ လမ်းပျက်စီးခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် အတတ်ပညာအားနည်းခြင်း စသည်တို့မှာ အဓိက အဟန့်အတားများအဖြစ် ရှိနေပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်_

က.၁) ကျေးရွာအတွင်း အခြေခံအဆောက်အဦများရရှိရေး ဆောင်ရွက်ခြင်းဖြင့် လမ်းပန်း ဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝကို တိုးတက်ရရှိစေမည်။

က.၂) သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု၏ ကျန်းမာ ရေးကို အထောက်အပံ့ဖြစ်စေမည်။

က.၃) မီးလင်းရေးဆိုင်ရာ အထောက်အပံ့များရရှိရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု၏ လူမှုစီးပွားဘဝကို အထောက်အပံ့ဖြစ်စေမည်။

က.၄) စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များရရှိရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ စိုက်ပျိုး ရေးကဏ္ဍကို မြင့်မားစေမည်။

က.၅) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးခြင်းဖြင့် ကျေးရွာ ပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်မည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) အခြေခံအဆောက်အဦဖြစ်သည့် ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။

ခ.၂) သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စက်ရေတွင်း တူးဖော်နိုင် ရေး သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက်သွားမည်။

ခ.၃) ကျေးရွာအတွင်း လျှပ်စစ်မီးဆိုင်ရာ အထောက်အပံ့များရရှိရန် သက်ဆိုင်ရာ လျှပ်စစ် ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၁.၄) စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များ၊ သင်တန်းများပို့ချပေးခြင်း၊ စိုက်ပျိုးရေ စသည့် အထောက်အပံ့များရရှိရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်။

၁.၅) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးခြင်းဖြင့် ကျေးရွာ ပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာတွင်း အခြေခံအဆောက်အဦများ ရရှိနိုင်ရေးဆောင်ရွက်ခြင်း

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းအား လမ်းအလယ်အူကြောင်း ကွန်ကရစ် ၂ ပေ အကျယ် ခင်းထားသောလမ်းဖြစ်ပြီး အခြားကျေးရွာများမှလည်း အသုံးပြုသဖြင့် ကွန်ကရစ်လမ်းအဖြစ် ပြောင်းလဲ ဆောင်ရွက်နိုင်ရေး၊ ရွာချင်းဆက်လမ်းများဖြစ်သည့် ကညွတ်ကုန်းနှင့်ဆက်သော ကျောက်ချော လမ်းအားလည်း ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနများသို့ ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

### (ဂ) သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ခြင်း

ကျေးရွာတွင် သောက်သုံးရေအဖြစ် ယခင်က မြေသားရေကန်မှ ရေကိုသောက်သုံးရသဖြင့် သန့်ရှင်းမှုအားနည်းခြင်းကြောင့် စက်ရေတွင်းတူးဖော်ရန် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ ချိတ်ဆက် ဆောင်ရွက်သွားပါမည်။ (ယခုစာအုပ် စတင်ပြုစုသည့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်ပြီးဖြစ်ပါသည်။)

## (ဃ) မီးလင်းရေးဆိုင်ရာ အထောက်အပံ့များ ရရှိရေးဆောင်ရွက်ခြင်း

ကျေးရွာမှ ၂ မိုင်ကျော်ခန့်အကွာရှိ ဆပ်ကွင်းကျေးရွာတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ပြီး မိမိတို့ကျေးရွာတွင် မရရှိသေး၍ ဖယောင်းတိုင်၊ ရေနံဆီမီးများကိုသာ အသုံးပြုနေကြရသဖြင့် မီးဘေးအန္တရာယ်ရှိခြင်း၊ ကျေးရွာလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးနှင့် ပညာရေးအတွက် အထောက်အပံ့ဖြစ်နိုင်ရေး လျှပ်စစ်မီးရရှိရန် သက်ဆိုင်ရာလျှပ်စစ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

## (င) စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များ ရရှိရေးဆောင်ရွက်ခြင်း

ကျေးရွာ စိုက်ပျိုးရေးကဏ္ဍတွင် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ ဆေးဖြန်းသည့်ကာလနှင့် သုံးစွဲမှုနည်းစနစ်မမှန်ခြင်းစသည့် အခက်အခဲများ ကြုံတွေ့ရလေ့ရှိသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများ သင်တန်းပို့ချရန်နှင့် မျိုးကောင်းမျိုးသန့်များ ချထားပေးရန်၊ စိုက်ပျိုးရေအတွက် မြောင်းကောများအား ပြန်လည်တူးဖော်ရန် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

## (စ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးခြင်း

ကျေးရွာသည် မြို့နှင့် အလှမ်းမဝေးသော်လည်း ကျေးရွာရှိ လူငယ်အချို့သည် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေသေးသဖြင့် အတတ်ပညာပိုင်းဆိုင်ရာ သင်တန်းများ ရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ချိတ်ဆက်ဆောင်ရွက်ပါမည်။

# ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည်ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့်စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်_

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကညွတ်ကုန်းကျေးရွာအုပ်စု၊ ကျခတ်တန်းကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ* | | | | | |
| | ၁။ ရွာတွင်းလမ်းအား ကွန်ကရစ်ခင်းရန် | ၁၀၀ | ၁ | - ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းပေါ်တွင် ကွန်ကရစ် ၂ ပေ ခန့်သာခင်းထားသဖြင့် လမ်းအားလုံး ကွန်ကရစ်ခင်းရန် | ကျေးလက်/ လမ်း ဦးစီးဌာန |
| | ၂။ ကညွတ်ကုန်း-ကျခတ်တန်း ဆက်သောလမ်းအား ကွန်ကရစ်ခင်းရန် | ၉၇ | ၂ | - ပညာရေး၊ ကျန်းမာရေးအတွက် အဓိကအသုံးပြုရသော ကညွတ်ကုန်းနှင့် ဆက်သွယ်သောလမ်းအား ကွန်ကရစ်ခင်းရန် | ကျေးလက်/ လမ်း ဦးစီးဌာန |
| | ၃။ စက်ရေတွင်းတူးဖော်ပေးရန် | ၉၀ | ၃ | - သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေး စက်ရေတွင်းချထားပေးရန် | ကျေးလက် ဦးစီးဌာန |
| *မီးလင်းရေး* | | | | | |
| | ၄။ လျှပ်စစ်မီး ချထားပေးရန် | ၈၅ | ၄ | - ကျေးရွာမှ ၂ မိုင်ကျော်ခန့်သာဝေးသည့် ဆပ်ကွင်းကျေးရွာတွင် လျှပ်စစ်မီးရရှိပြီဖြစ်၍ ကျေးရွာတွင်လည်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန် | လျှပ်စစ် ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *စိုက်ပျိုးရေး* | | | | | |
| | ၅။ စိုက်ပျိုးရေးဆိုင်ရာ အထောက် အပံ့များ ပေးရန် | ၈၀ | ၅ | - ကျေးရွာအတွင်း စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတ နည်းပါးသဖြင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ နည်းစနစ်မကျခြင်းတို့ရှိသဖြင့် စိုက်ပျိုးရေးအသိပညာ သင်တန်းပေးရန်၊ မျိုးကောင်းမျိုးသန့်များ ချထားပေးရန်၊ စိုက်ပျိုးရေ ရရှိနိုင်ရေးအတွက် မြောင်းကောများအား ပြန် လည်တူးဖော်ရန် | စိုက်ပျိုးရေး ဦးစီးဌာန |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | | |
| | ၆။ အသက်မွေးဝမ်းကျောင်း သင်တန်းများပေးရန် | ၇၅ | ၆ | - ကျေးရွာရှိလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိ ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများပို့ချ ပေးရန် | ကျေးလက် ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ရွာတွင်းလမ်းအား ကွန်ကရစ်ခင်းရန် | ၁ | —— | | | | |
| ၂။ ကညွတ်ကုန်း-ကျခတ်တန်း ဆက်သောလမ်းအား ကွန်ကရစ်ခင်းရန် | ၂ | | —— | | | |
| ၃။ စက်ရေတွင်းတူးဖော်ပေးရန် | ၃ | | | —— | | |
| ၄။ လျှပ်စစ်မီး ချထားပေးရန် | ၄ | | | —— | | |
| ၅။ စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များ ပေးရန် | ၅ | | | | —— | |
| ၆။ အသက်မွေးဝမ်းကျောင်း သင်တန်းများပေးရန် | ၆ | | | | | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ရွာတွင်းလမ်းအား ကွန်ကရစ်ခင်းရန် | | | √ | | |
| ၂ | ကညွတ်ကုန်း-ကျခတ်တန်းဆက်သော လမ်းအား ကွန်ကရစ်ခင်းရန် | | | √ | | |
| ၃ | စက်ရေတွင်းတူးဖော်ပေးရန် | | | √ | | |
| ၄ | လျှပ်စစ်မီးချထားပေးရန် | | | √ | | |
| ၅ | စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များ ပေးရန် | | | | √ | |
| ၆ | အသက်မွေးဝမ်းကျောင်း သင်တန်းများ ပေးရန် | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- လမ်းကော်မတီသည် လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငွေကြေးစီမံခန့်ခွဲမှုများပြုလုပ်၍ တာဝန်ယူဆောင်ရွက်စေပြီး ကျေးရွာသူ/ သားများက လုပ်ငန်းပြီးစီးရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ လမ်းအား ထိန်းသိမ်း စောင့်ရှောက်ခြင်းများကို အဖွဲ့အလိုက် စီမံဆောင်ရွက်ပါမည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း

ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ ကျေးရွာ ရေကော်မတီမှလည်း မြေသားရေကန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သန့်ရှင်းရေးနှင့် လိုအပ်သည်များ ပြင်ဆင်နိုင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်** ဆက်သွယ်၍ အကူအညီများရယူရပါမည်။ အခြား ဖွံ့ဖြိုးရေးလုပ်ငန်းများအားလည်း လုပ်ငန်းအလိုက် အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အထောက်အပံ့များ ရရှိရေး သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါ သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့ပြင် လမ်းအသုံးပြုမှု တန်ချိန်သတ်မှတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ရေရှည်ပြုပြင်ထိန်းသိမ်းရေးအတွက်လည်း သက်ဆိုင်ရာဌာနများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစ ကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း

လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက် ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်း စနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို လုပ်ငန်း စတင် ဆောင်ရွက်ချိန်မှ ပြီးဆုံးချိန် အထိ အပြင် ၎င်း နောက် ပြုပြင်ထိန်းသိမ်းရန်အတွက်ပါ ကြီးကြပ်ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ် မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator) ကိုတည်ဆောက်ရပါမည်။ လုပ်ငန်းအား အစမှ အဆုံးထိ (၃) ကြိမ်တိုင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည် -

#### (က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

#### (ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- ကြီးကြပ်မှု အစီရင်ခံစာ ရှင်းလင်းချိန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

